ကြည်နူးရယ်မောနေတတ်သည် မှ လွဲ၍ အစကတည်းက အပြုံးအရယ် နည်းခဲ့သူပါ။

ထိုယောက်ျား မရှိတော့သည့်နေ့ရက်များမှာ အပြုံးအရယ်မဲ့နေသော နှုတ်ခမ်းတို့ က စကားဟဟတောင် မပြောချင်တော့သလို နေ၏။

သမီးလေးကို ပွေ့ပိုက်ယုယနေတာတောင် သူမ ပြုံးရယ်ရမှန်းမသိခဲ့ ...။ ဒေါ်ဖြူဖြူကျော် ကိုယ့်သမီးမျက်နှာလေးကို ငေးရင်း အသက်လေးင ယ်ငယ်နှင့် တည်တင်းခက်ထန်နေတာကို နှမြောမိ၏။

စိတ် ဒီလောက်ထိခိုက်ပူလောင်နေရပါလျှင် သမီးလေး စောစာစီးစီး အရွယ်ကျသွားနိုင်တာကိုလည်း တွေးပူမိသည် ။

“သမီး...မေမေ ပြောနေတာကို ခေါင်းထဲ ထည့်ရဲ့ လားဟင်”

“မေမေကလည်း သမီး စိတ်ချမ်းသာသလို လုပ်ခွင့်ပြုနိုင်ဖို့ စဉ်းစားပါဦးလား မေမေ၊ ဒီနေ့ထိ...”

“နေဦး သမီး...ဒီနေ့ထိ မဟုတ်ဘူး ၊ သမီး ခြေးလေးကို ကိုယ်ဝန်မ လွယ်ရသေးခင်အထိ မောင်မြတ်ထွဋ်ရော မေမေတို့ အားလုံးရော သမီး ကို စိတ်ချမ်းသာမှုတွေ အများကြီး ပေးခဲ့ကြတယ်လေ၊ ဒါပေမဲ့ သမီး မိခ င်ဘဝကို ရောက် လာပြီဆိုကတည်းက ကိုယ့်အတွက်တစ်ခုတည်း ကြ ည့်လို့ မရတော့ဘူး”

သမီးလေးနဲ့ ပတ်သက်လာတိုင်း ရမက် မချိတရိ မျက်နှာလွှဲလိုက်ရ သည် ချည်းသာ..၊

“ကလေးက မိဘလက်ထဲမှာ ထက် အဘိုးအဘွားတွေလက်ထဲမှာ ပို များ ခဲ့တာ၊ ရတ်တရက်ကြီး ခွဲထွက်သွားရင်..”

“ဟိုသတ္တဝါကလည်း ကလေးကို မတူသလို မတန်သလို ဆက်ဆံ

